# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 26 , 2023 Volume 67, Number 18

၂၆.၆.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၈.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၂.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၄.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၁.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၂၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၉၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၅၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၉.၃၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၆၇၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ပုံမှန်အစည်းအဝေး (၂/၂၀၂၃) သို့ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တက်ရောက်အမှာစကားပြောကြား



မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ပုံမှန်အစည်းအဝေး (၂/၂၀၂၃) ကို ယနေ့(ဇွန် ၂၃ ) နံနက်ပိုင်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ယှဉ်ပြိုင်မှုဆိုင်ရာတိုင်ကြားလာသည့် အမှုကိစ္စများနှင့်စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်မှုများ၊ ယှဉ်ပြိုင်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်ရေးကိစ္စများ၊ ယှဉ်ပြိုင်မှုဥပဒေကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ယှဉ်ပြိုင်မှုဥပဒေကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေး အသိပညာပေးဆောင်ရွက်မည့်အစီအစဉ်များ၊ ပြည်တွင်းလုပ်ငန်းစဉ်များအပြင် ဒေသတွင်းနှင့်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များအပေါ် အသေးစိတ်ညှိနှိုင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1% 80%AC%E1%80%80%E

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ထိုင်းနှင့်အိမ်နီးချင်းနိုင်ငံ ကုန်စည်ပြပွဲကို ထိုင်းနိုင်ငံ ရနောင်းမြို့တွင်ကျင်းပမည်ဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီးမှ လုပ်ငန်း ၁၀ ခုကျော် သွားရောက်ပြသမည်

ထိုင်းနှင့်အိမ်နီးချင်းနိုင်ငံ ကုန်စည်ပြပွဲကို ရနောင်းမြို့တွင် ကျင်းပသွားမည်ဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီးမှ လုပ်ငန်း ၁၀ ခု ကျော် သွားရောက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံ ရနောင်းမြို့တွင် ပြီးခဲ့သည့်ရက်ပိုင်းက ထိုင်းနှင့်အိမ်နီးချင်းနိုင်ငံ ပူးပေါင်းကုန်စည်ပြပွဲ ရောင်းချပွဲနှင့် စီးပွားရေးရာဆွေးနွေးပွဲ – Ranong Trade Fair and Matching 2023 ကိုပြုလုပ်ခဲ့ပြီး ပူးပေါင်း ကုန်စည်ခင်းကျင်း ပြသရောင်းချခြင်း အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ "မြန်မာနိုင်ငံဘက်က ကနုကမာ အလှဆင် လုပ်ငန်း၊ ဝါးနှင့်ပြုလုပ်ထားတဲ့ အချောထည်လုပ်ငန်းတွေ၊ ဒေသထွက်သီးနှံ ပြသရောင်းချခြင်းတွေစသဖြင့် လုပ်ငန်း ၁၀ ခု ကျော်လောက် သွားရောက်ပြသဖို့ စီစဉ်နေပါတယ်၊ ထိုင်းနိုင်ငံ ရနောင်းမြို့မှာ ပြုလုပ်မှာပါ။ ကော့သောင်းနဲ့မြိတ်က လုပ်ငန်း ၁၀ ခုကျော်လောက် သွားရောက်ပြသဖို့ရှိပါတယ် "ဟု ကော့သောင်းမြို့မှ ဒေသခံတစ်ဦးက ပြောကြားသည်။

ပြည်တွင်းအဆင့်မှ နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်မှု ပိုမိုအားကောင်းရန်၊ ရောင်းဝယ်ဖောက်ကားနိုင်မှု လမ်းကြောင်းများပြားလာစေရန်၊ ပြည်သူလူထု ဝင်ငွေတိုးတက်လာစေရန်၊ ကျန်းမာရေးကိုအခြေပြုသော ခရီးသွားလုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်နိုင်ရန်၊ BIMSTEC နိုင်ငံများအုပ်စု၊ အာရှဒေသတွင်းနိုင်ငံများနှင့် စီးပွားဖက်အင်အားတောင့်တင်း ခိုင်မာစေရန်ရည်ရွယ်ကြောင်း ရနောင်းခရိုင် ကုန်သွယ်ရေးဦးစီးဌာန ဦးစီးမှူး နန်းစောင်အောလဝင်-စီ ဟိရန်က ပြောကြား သည်။

ကုန်စည်ပြပွဲကို ထိုင်းနိုင်ငံ ရနောင်းမြို့ စည်ပင်သာယာရုံးရှေ့ ဘက်စုံသုံးကွင်းပြင်တွင် ဇွန် ၂၈ ရက်မှ ဇူလိုင် ၂ ရက်အထိ ငါးရက်တာ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ ယခုပြသမည့် ကုန်စည်ပြပွဲတွင် ဆိုင်ခန်းပေါင်း ၁၅၀ ကျော် ခင်းကျင်းပြသ ထားမည်ဖြစ်ပြီး နိုင်ငံတကာလုပ်ငန်း ၂၀ မှ ထုတ်ကုန်များလည်း ပါဝင်လာမည်ဖြစ်ကြောင်း ထိုင်းတာဝန်ရှိသူများက ပြောကြားသည်။

ကုန်စည်ပြပွဲတွင် ပြည်သူလူထုကို အခြေခံသောကုန်စည်/Biz Club/SMEs ထုတ်ကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးမှ ထုတ်လုပ် သော ကုန်ချောထုတ်ကုန်များ၊ ရနောင်းမြို့နှင့် ပတ်ဝန်းကျင်မြို့များမှ ထုတ်ကုန်များပါဝင်လာမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့်လည်း လာရောက်ပြသ ရောင်းချနိုင်သလို စီးပွားရေးချိတ်ဆက်မှုလုပ်ငန်းများ ဆက်လက်လုပ်ကိုင် နိုင်ရန် လာရောက်လေ့လာဆွေးနွေးနိုင်ကြောင်း ထိုင်းနိုင်ငံဘက်မှ ဖိတ်ခေါ်ထားကြောင်း သိရသည်။

**Source:** https://news-eleven.com/article/250003

## တစ်ပတ်အတွင်း ဆန်ကြမ်းတစ်အိတ်လျှင် ငွေကျပ် ၂၀၀၀ ခန့်ကျဆင်းလာ

ပြည်တွင်းစားသုံးမှု ဆန်ဈေးကွက်တွင် အများအားဖြင့် ဆန်ချောထက် ဈေးသက်သာသော ဆန်ကြမ်းကို ပိုမိုစားသုံး လာကြသော်လည်း ယင်းဆန်ကြမ်းဈေးမှာ တစ်ပတ်အတွင်း တစ်ပိုင်းလျှင် ငွေကျပ် ၂၀၀၀ ခန့် ကျဆင်းလာသည်။

လာမည့် အောက်တိုဘာတွင် မိုးစပါးများ ထွက်ပေါ်လာတော့မည်ဖြစ်၍ လာမည့်အချိန်များ၌ ဆန်ဈေးကွက်အကျပိုင်း ရောက်ရှိနိုင်သည်ဟုဆိုသည်။ "၁၀ လပိုင်းလောက်မှာ မိုးစပါးတွေ ပေါ်တော့မယ်ဆိုတော့ ဆန်ဈေးက အကျဘက်ဖြစ်လာ နိုင်တယ်။ ပြီးခဲ့တဲ့ သင်္ကြန်ပြီးချိန်နောက်ပိုင်း ဆန်ဈေးတွေထိုးတက်သွားတော့ လှောင်ကြသူတွေရှိခဲ့ပေမယ့် ဒါကမူမမှန်တဲ့ ဈေးကွက်လို့ သုံးသပ်တယ်။ ဆန်ကြမ်းကိုပဲ ဝယ်ကြတာများပေမယ့် ဒီတစ်ပတ်အတွင်းမှာ ဆန်ကြမ်းဈေးကကျလာပြီ "ဟု မန္တလေးမြို့မှ ဆန်ပွဲရုံတစ်ခုက ပြောသည်။

မန္တလေးဆန်ဈေးကွက်တွင် စစ်ကိုင်းတိုင်းဘက်မှ ထွက်ရှိသော ရွှေဝါထွန်းဆန်၊ ၇၄၇ ဆန်နှင့် ၇၂ ဆန်တို့မှာ စပေါ်လာပြီ ဖြစ်ပြီး ဆန်ကြမ်းဈေးကွက်တွင် တစ်ပိုင်းလျှင် ငွေကျပ် ၂၀၀၀ ဝန်းကျင်ကျဆင်းလာကြောင်း၊ ကမ္ဘာ့ဆန် ဈေးကွက်တွင်လည်း မြန်မာ့ဆန်က ဈေးကွက်အမြင့်ဆုံးဖြစ်နေ၍ နိုင်ငံခြားတင်ပို့မှုမဖြစ်နိုင်သည့် အခြေအနေတွင်ရှိသည်။ "ဆန်ဈေးတက်ဖို့က လက်ရှိအနေအထားမှာ မဖြစ်နိုင်သေးဘူး။ စစ်ကိုင်းဘက်က ဆန်တွေ ထွက်အားကောင်းတယ်ဆိုတော့ ဇွန်လကုန်ပိုင်းဆိုရင် ဈေးပြုတ်ကျနိုင်တယ်။ ဆန်ဈေးတက်တယ်ဆိုရင် အရောင်းပါးပြီး ဈေးကျမှရောင်းအားကောင်းတာပါ။ ဈေးတက်ရင် ဆန်ကုန်သည်တွေက သိပ်မလှောင်ကြတော့ဘူး " ဟု ဆက်လက်ပြောကြားသည်။

စပါးဈေးကွက်တွင် မိုးကြိုစပါးများ ထွက်ရှိခြင်း၊ နွေစပါးများ လက်ကျန်များနေခြင်းတို့ကြောင့် စပါးရောင်းချသူ၏ ခေါ်ဈေးသာရှိပြီး ဝယ်လက်မှ ဈေးဖွင့်ဝယ်ယူခြင်းမရှိဖြစ်နေ၍ ဆန်နှင့်စပါးမှာ အကျဘက်သို့ဦးတည်နေပြီး ယခုချိန်တွင် စပါးသိုလှောင်ခြင်း၊ ဆန်လှောင်ခြင်းများမပြုသင့်ကြောင်း ဆန်စပါးကုန်သည်အချို့ကသုံးသပ်သည်။

**Source: မကွေးဂျာနယ်**

## မြန်မာ့ပဲကုန်သည်များ အိန္ဒိယသို့ အစိုးရချင်း သဘောတူညီချက်ဖြင့် တင်ပို့မှုမရှိသေး၊ G to G ဖြင့် တင်ပို့ခြင်းရှိ/မရှိ အကြောင်းပြန်ရန် အိန္ဒိယတောင်းဆိုထား

မြန်မာနိုင်ငံက ပဲတင်ပို့သူတွေအနေနဲ့ အိန္ဒိယနိုင်ငံကို အစိုးရချင်း နားလည်မှုစာချွန်လွှာအရ မတ်ပဲနဲ့ပဲစင်းငုံတွေ တင်ပို့မှုမရှိသေးတာကို စိစစ်တွေ့ရှိရတယ်လို့ ကုန်သွယ်ရေးဦးစီးဌာနရဲ့ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းထံ ပေးပို့တဲ့ ညွှန်ကြားစာမှာ ဖော်ပြထားပါတယ်။

ဒါ့ကြောင့် မြန်မာနဲ့အိန္ဒိယနိုင်ငံတို့အကြား မတ်ပဲနဲ့ပဲစင်းငုံကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ G to G စနစ်နဲ့ တင်ပို့သွားနိုင်မယ့် အခြေအနေနဲ့ သိုလှောင်ထားရှိမှုအခြေအနေတွေကို ဇွန်လ ၁၃ ရက်နေ့အရောက် အကြောင်းပြန်ကြားဖို့ အသိပေးခဲ့ရပါတယ်။ ဒါ့အပြင် G to G စနစ်နဲ့ ဝယ်ယူတင်ပို့မှု ဖြစ်နိုင်ချေ ရှိ/မရှိကိုလည်း အကြံပြုပြန်ကြားပေးဖို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် အိန္ဒိယနိုင်ငံမှ ညှိနှိုင်းမေတ္တာရပ်ခံလာတယ်လို့ အသင်းရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

မြန်မာနဲ့အိန္ဒိယနိုင်ငံတို့အကြား မတ်ပဲနဲ့ပဲစင်းငုံကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံမှ အိန္ဒိယကို နှစ်စဉ် မတ်ပဲတန်ချိန် ၂.၅ သိန်းနဲ့ ပဲစင်းငုံတန်ချိန် ၁ သိန်းတို့ကို ပုဂ္ဂလိကကုန်သွယ်မှုမှတစ်ဆင့် နောင်ဘဏ္ဍာနှစ် (၅)နှစ်အတွင်း တင်ပို့ရမှာလည်းဖြစ်ပါတယ်။

လက်ရှိအချိန်မှာလည်း အိန္ဒိယအစိုးရဘက်က မတ်ပဲနဲ့ပဲစင်းငုံတို့ လွတ်လပ်စွာတင်သွင်းခွင့်ကို ၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ပေးထားကြောင်း သိရှိရပါတယ်။ ဇန်နဝါရီလဆန်းပိုင်းမှာ ကန်ဒေါ်လာ ၇၅၀ ခန့်သာရှိတဲ့ ပဲစင်းငုံ ၁ တန်ပေါက်ဈေးက ၆ လကျော်အတွင်း ဒေါ်လာ ၁၂၆၀ အထိ မြင့်တက်လာပြီးနောက် အဓိကဝယ်လက် အိန္ဒိယဘက်က မြန်မာကုန်သည်တွေ ဈေးကစားမှာကို စိုးရိမ်မှုတွေရှိနေပါတယ်။ အသင်းဘက်က ဈေးကစားဖို့သိုလှောင်ထားခြင်းမရှိပဲ နှစ်နိုင်ငံသဘောတူညီချက် MOU အရ သက်မှတ်ပမာဏကို တင်ပို့ပေးနေကြောင်း အကြောင်းပြန်ထားပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ အချက်အလက်တွေအရ လက်ရှိဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၉ ရက်နေ့အထိ ပြည်ပနိုင်ငံတွေထံ ပဲမျိုးစုံတန်ချိန် (၃.၄) သိန်းကျော် တင်ပို့ခဲ့ပြီး ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာသန်း (၂၇၀) နီးပါး ရရှိထားပါတယ်။

**Source: BETV Business**

## ၁၉.၆.၂၀၂၃ မှ ၂၃.၆.၂၀၂၃ ရက်နေ့ထိ ဈေးကွက်သုံးသပ်ချက်




**မတ်ပဲ**

မတ်ပဲကတော့ ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် ဈေးတွေကျဆင်းသွားပါတယ်။ ဈေးကွက်အတွင်း ငွေလဲလှယ်ဈေးနှုန်း အပြောင်းအလဲ ဖြစ်နေသည့်အပြင် ဈေးတွေအဆမတန်မြင့်တက်နေသည့်အတွက် အဝယ်တန့်ခဲ့ပြီး ဈေးတွေ ပြန်ကျဆင်းလာတာ ဖြစ်တယ်လို့ ပဲကုန်သည်အချို့က ဆိုပါတယ်။

လှောင်လက်အများစုက ပဲအတက်ဈေးကိုစောင့်ပြီး ရောင်းချမှုတွေကြောင့် ဈေးကွက်အတွင်း ပဲလက်ကျန်နည်းနေပြီး ဈေးတွေမြင့်တက်နေခဲ့တာ ဖြစ်တယ်လို့လည်း ကုန်သည်အချို့က ခန့်မှန်းပြောဆိုပါတယ်။

ပဲဈေးတွေ မြင့်တက်နေတာနဲ့ပတ်သတ်ပြီး ဈေးကစားမှုရှိမရှိ အိန္ဒိယအစိုးရက မြန်မာပဲနှမ်းအသင်းကို မေးမြန်းစုံစမ်းမှုတွေပြုလုပ်ခဲ့တယ်လို့ ပြည်တွင်းမီဒီယာအချို့မှာ ဖော်ပြထားပါတယ်။ အိန္ဒိယကတော့ မြင့်တက်နေတဲ့ ပဲဈေးကို ထိန်းချုပ်ရန်အတွက် သိုလှောင်တာတွေနဲ့ပတ်သတ်ပြီး ကြပ်မတ်နေတာတွေ G to G ဝယ်ယူသွားရန် အစရှိသဖြင့် အဖက်ဖက်ကနေ လုပ်ဆောင်မှုတွေရှိနေတယ်လို့ အိန္ဒိယသတင်းတွေမှာ ဖော်ပြထားပါတယ်။

ရန်ကုန်ဈေးကွက်မှာ မတ်ပဲတစ်တန်ကို ၂၃၈၀၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၁၃၀၀၀၀ ကျပ်ဈေးကျဆင်းသွားပါတယ်။ မန္တလေးဈေးကွက်မှာတော့ သုံးတင်းဝင် တစ်အိတ်ကို ၂၂၅၀၀၀ ကနေ ၂၂၃၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၃၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။

အခြားနယ်ကုန်စည်ဒိုင်တွေဖြစ်တဲ့ အောင်လံကုန်စည်ဒိုင်၊ မုံရွာ၊ ပြည်တို့မှာလည်း တစ်တင်းကို ၇၆၀၀၀ ကနေ ၇၈၀၀၀ ကြား ပေါက်ဈေးရှိနေပြီး ၂၅၀၀ ကျပ်လောက် ဈေးကျဆင်းသွားပါတယ်။ မတ်ပဲဈေးတွေ လက်ရှိမှာကျဆင်းနေပေမယ့် အိန္ဒိယနိုင်ငံရဲ့လိုအပ်ချက်ကြောင့် ရေတိုကျဆင်းခြင်းသာဖြစ်ပြီး ဆက်ပြီးတက်နိုင်ဦးမယ်လို့ ကုန်သည်တွေက ခန့်မှန်းသုံးသပ်မှုတွေရှိပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ ပြီးခဲ့တဲ့ အပတ်ကတည်းက ဈေးကျဆင်းနေခဲ့တာဖြစ်ပါတယ်။ ဈေးကွက်အတွင်း ပဲလက်ကျန်မရှိတဲ့အတွက် အရောင်းအဝယ်လည်းမရှိပဲ ဈေးတွေက ကျဆင်းနေတာလို့ ပဲကုန်သည်တွေကဆိုပါတယ်။ ပဲစင်းငုံနီကတော့ အိန္ဒိယရဲ့လိုအပ်ကြောင့် ဈေးမြင့်တက်နေခဲ့တာဖြစ်ပြီး အိန္ဒိယအစိုးရကလည်း ပဲစင်းငုံနီကို မြန်မာနိုင်ငံအပြင် အခြား ပြည်ပနိုင်ငံတွေကပါ တင်သွင်းဖို့အတွက် ကြိုးစားဆောင်ရွက်ကာ မကြာခင် တင်သွင်းမယ်ဆိုတဲ့ သတင်းတွေဖော်ပြပြီး ပဲဈေးမြင့်တက်မှုကို ထိန်းချုပ်နေတာကို တွေ့ရပါတယ်။

လက်ရှိမှာတော့ ပဲစင်းငုံနီက ပြည်တွင်းဈေးကွက်မှာ ကျဆင်းနေပေမယ့် အရောင်းအဝယ်နည်းတယ်လို့ ပဲကုန်စည်ဒိုင်တွေကနေတဆင့် သိရပါတယ်။ ပြည်တွင်းငွေလဲလှယ်နှုန်း မတည်ငြိမ်မှုနဲ့အတူ ကုန်သည်တွေက စောင့်ကြည့်မှုတွေ ရှိနေတယ်လို့လည်း သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို ၃၀၅၀၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့နှိုင်းယှဉ်ရင် တစ်တန်ကို ၂၂၀၀၀၀ ကျပ်လောက် ဈေးကျဆင်းသွားပါတယ်။ မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၂၉၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။

အခြားနယ်ကုန်စည်ဒိုင်တွေဖြစ်တဲ့ ပခုက္ကူဈေးကွက်၊ အောင်လံဈေးကွက်၊ မုံရွာဈေးကွက်နဲ့ ပြည်ဈေးကွက်တို့မှာ ပဲစင်းငုံနီ တစ်တင်းကို ၉၇၀၀၀ ကနေ ၉၉၀၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်တင်းကို ၅၀၀၀ နီးပါး ဈေးကျဆင်းသွားပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းကတော့ အတက်အကျအနည်းငယ်နဲ့ ဈေးငြိမ်နေတဲ့အခြေအနေဖြစ်နေပါတယ်။ အသစ်တွေ ဈေးကွက်ထဲအဝင်သွက်နေပြီး အဝယ်ကတော့ ပုံမှန်ရှိနေတယ်လို့ သိရပါတယ်။ တရုတ်နိုင်ငံကို အဓိကထား တင်ပို့နေတယ်လို့ဆိုပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ပဲတီစိမ်း (ခရမ်းရွှေဝါ)က ပဲတီစိမ်း(ပဲခူးရွှေဝါ)၊ ပဲတီစိမ်း(ဝါးခယ်မ) တို့က ဈေးအပြောင်းအလဲမရှိပဲ ငြိမ်နေပါတယ်။ မန္တလေးဈေးကွက်မှာတော့ ပဲတီစိမ်းထိပ်စတွေက ဈေးကွက်မရှိပဲ ပဲတီစိမ်းအညာတွေကတော့ တစ်အိတ်ကို ၁၅၀၀၀၀ ကနေ ၁၇၅၀၀၀ ပေါက်ဈေးရှိပြီး နေ့စဉ်အဝင်နဲ့ အဝယ်ပေါ်မှုတည်ပြီး အတက်အကျ အနည်းငယ်သာရှိနေပါတယ်။

ပခုက္ကူဈေးကွက်မှာတော့ တစ်တင်းကို ၄၇၀၀၀ ကနေ ၅၅၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၃၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။ မုံရွာဈေးကွက်မှာတော့ တစ်တင်းကို ၄၃၀၀၀ ကနေ ၅၅၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၂၅၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။

**ကြက်သွန်နီ**

ကြက်သွန်နီကတော့ ဈေးကွက်ထဲအဝင်များတဲ့အတွက် ဈေးအတက်အကျအနည်းငယ်ဖြင့် အရောင်းအဝယ်ဖြစ်နေပါတယ်။ နေ့စဉ်ဈေးကွက်ထဲကို ပိဿာချိန် ၁ သိန်းအထက် အဝင်ရှိနေတယ်လို့ ဆိုပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ကြက်သွန်နီ(ဆိပ်ဖြူ မုံရွာ)က တစ်ပိဿာကို ၁၈၀၀ ကနေ ၂၁၂၅ ပေါက်ဈေး ရှိနေပါတယ်။ ပခုက္ကူဈေးကွက်မှာတော့ တစ်ပိဿာကို ၁၇၀၀ ကနေ ၂၀၂၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၅ ကျပ်ဈေး တက်လာပါတယ်။

**ကြက်သွန်ဖြူ**

ကြက်သွန်ဖြူ(ရှမ်း)ကတော့ ပြီးခဲ့တဲ့အပတ်ကတည်းက ဈေးမြင့်တက်နေတာဖြစ်ပြီး ဒီတစ်ပတ်မှာလည်း ဆက်ပြီး ဈေးမြင့်တက်လာပါတယ်။ ဈေးကွက်ထဲကို ပိဿာချိန် ၉၀၀၀ ခန့်သာ အဝင်ရှိနေတယ်လို့ သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ ရှမ်းကြက်သွန်ဖြူ တစ်ပိဿာကို ၇၀၀၀ ကနေ ၈၅၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၅၀၀ ကျပ် ဈေးတက်လာပါတယ်။ နှစ်ပတ်အတွင်း တစ်ပိဿာကို ၂၅၀၀ ကျပ် ဈေးမြင့်တက်လာခဲ့ပါတယ်။

မော်လမြိုင်ဈေးကွက်မှာလည်း တစ်ပိဿာကို ၈၅၀၀ ကနေ ၉၅၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၇၀၀ ကျပ် ဈေးမြင့်တက်လာပါတယ်။

**Source: AMIA**

https://t.me/htwettoe

## ဩဂုတ်လ ၁ ရက်နေ့မှစ၍ မြန်မာ–တရုတ်နယ်စပ်တွင် ဘဏ်စနစ်ကျင့်သုံးမည်

မြန်မာ–တရုတ်နယ်စပ်ကုန်သွယ်ရေးတွင် လာမည့် ဩဂုတ်လ ၁ ရက်နေ့မှစတင်ပြီး ဘဏ်စနစ်ကျင့်သုံးဆောင်ရွက်မည် ဖြစ်ကြောင်း ဇွန်လ ၂၃ ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနက ထုတ်ပြန်ကြေညာ ထားသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်တွင် ကနဦးအဆင့်အနေဖြင့် မြန်မာ–ထိုင်း နယ်စပ်ကုန်သွယ်ရေး ကိစ္စရပ်များ အတွက် ဘဏ်စနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီး ဒုတိယအဆင့်အနေဖြင့် မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်ရေးတွင် ဩဂုတ်လ ၁ ရက်မှ စတင်ကာ ဘဏ်စနစ်ကို ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် သွင်းကုန်ပစ္စည်းများ တင်သွင်းမှုအတွက် တစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့်ဝင်ငွေ၊ အခြားဝင်ငွေများနှင့် ပြည်တွင်းဘဏ်မှဖြစ်စေ ဝယ်ယူရရှိထားသော ငွေစာရင်းလက်ကျန် (ယွမ်ငွေ)ကို အသုံးပြုတင်သွင်း ခွင့်ပြုမည်ဖြစ်ကြောင်း၊ သွင်းကုန်တင်သွင်းသူများအနေဖြင့် အဆိုပါ ရငွေများကိုအသုံးပြု၍ သက်ဆိုင်ရာဘဏ်များမှတစ်ဆင့် သွင်းကုန်အတွက် ငွေပေးချေမှုများကို ပေးချေဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

သွင်းကုန်လိုင်စင်လျှောက်ထားရာ၌ ကုမ္ပဏီများအနေဖြင့် ဘဏ်ငွေစာရင်းသို့ ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့်ဝင်ငွေ (သို့မဟုတ်) အခြားဝင်ငွေဝင်ရောက်ကြောင်း (သို့မဟုတ်) ပြည်တွင်းဘဏ်မှ ဝယ်ယူထားကြောင်း သက်ဆိုင်ရာဘဏ်မှ ထုတ်ပေးသည့်အထောက်အထား (Credit Advice)နှင့် ဘဏ်ငွေစာရင်းရှင်းတမ်း (Bank Statement) မူရင်းတို့ကို ကုန်သွယ်ရေးဦးစီးဌာနသို့ ပူးတွဲ တင်ပြလျှောက်ထားရမည် ဖြစ်ကြောင်းလည်း သိရသည်။

ယင်းနောက် ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် သွင်းကုန်တင်သွင်းလိုသည့်ကုမ္ပဏီက တင်ပြလာသော ပို့ကုန်မှရရှိသည့် ဝင်ငွေ(သို့မဟုတ်) အခြားဝင်ငွေဝင်ရောက်မှု (သို့မဟုတ်) ပြည်တွင်းဘဏ်မှ ဝယ်ယူထားမှုပမာဏကိုစိစစ်၍ ဘဏ်ငွေစာရင်း လက်ကျန်ပမာဏထက် မကျော်လွန်ဘဲ သွင်းကုန်လိုင်စင်ကို ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းအတိုင်း ဆောင်ရွက်ရာတွင် ဩဂုတ်လ ၃၀ ရက်အထိကာလအတွင်း လျှောက်ထားပြီးဖြစ်သည့် သွင်းကုန်လိုင်စင် လျှောက်ထားမှုများ အကျုံးမဝင်ကြောင်း၊ အဆိုပါ နေ့ရက်မတိုင်မီ ထုတ်ပေးပြီးဖြစ်သည့် သွင်းကုန်လိုင်စင်များဖြင့် ကုန်ပစ္စည်း တင်သွင်းမှုကို ဩဂုတ်လ ၃၁ ရက်မတိုင်မီ ပြီးပြတ်အောင်တင်သွင်းကြရန်နှင့် အဆိုပါသတ်မှတ်ကာလအတွင်း တင်သွင်းနိုင်ခြင်း မရှိပါက သွင်းကုန်လိုင်စင်ပျက်ပြယ်မည်ဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါ တင်သွင်းခွင့်ပြုရာတွင် ပို့ကုန်မှ ရရှိသည့်ဝင်ငွေနှင့် အခြားဝင်ငွေ ဝင်ရောက်မှုများနှင့် ပတ်သက်၍ ပြီးခဲ့သည့် ဇန်နဝါရီလ ၁ ရက်နောက်ပိုင်း ဝင်ရောက်သည့်ဝင်ငွေကိုသာ အသုံးပြုဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ပို့ကုန်တင်ပို့သည့် ကုမ္ပဏီသည် ရရှိသည့် ပို့ကုန်ဝင်ငွေကို မိမိကိုယ်တိုင် သွင်းကုန်တင်သွင်းခြင်းကိုဖြစ်စေ၊ အခြားကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်း ပေး၍ သွင်းကုန်တင်သွင်းခြင်းကိုဖြစ်စေ ဆောင်ရွက်နိုင်ကြောင်းနှင့် အဆိုပါပို့ကုန်မှရရှိသည့်ဝင်ငွေကို အသုံးပြု၍ သွင်းကုန်

ပစ္စည်းတင်သွင်းရာတွင် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုခုမှ အခြားတစ်ခုခုသို့ လွှဲပြောင်းသုံးစွဲနိုင်ကြောင်း လည်း သိရသည်။

**Source: Popular News Journal**

## မြန်မာ့သံသတ္တုရိုင်း တန်ချိန် (၁,၀၀၀) ကျော် တင်ဆောင်ထားသော ကုန်တွဲရထား စီချွမ်ပြည်နယ်၊ ချိန်ရှန်းဘူတာသို့ ဆိုက်ရောက်

၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၆ ရက်က မြန်မာ့သံသတ္တုရိုင်း တန်ချိန် (၁,၀၀၀) ကျော် တင်ဆောင်ထားသော ကုန်တွဲရထားသည် ယူနန်ပြည်နယ်၊ ပေါင်ရှန်းမြို့၊ ဖူဖြောင်သယ်ယူပို့ဆောင်ရေးစင်တာ၊ မီးရထားအထူးလမ်းကြောင်းမှ ထွက်ခွာလာပြီး နှစ်ရက်အကြာတွင် စီချွမ်ပြည်နယ်၊ ချန်တူမြို့၊ ချိန်ရှန်းဘူတာသို့ ဆိုက်ရောက်ခဲ့ကြောင်း သိရသည်။

တရုတ်-မြန်မာလမ်းကြောင်းသစ် ကားလမ်း-မီးရထားလမ်း ပူးတွဲပို့ဆောင်ရေး၏ ပထမဆုံးရထားတွဲသည် ကွန်တိန်နာ (၃၂) လုံးကို တင်ဆောင်ကာ မြန်မာနိုင်ငံ၊ မန္တလေးမြို့မှ ကားလမ်းသယ်ယူပို့ဆောင်မှုဖြင့် ထွက်ခွာလာပြီး ထိန်ချုန်းမြို့၊ ဟိုချောင်နယ်စပ်ဂိတ်မှတစ်ဆင့် ဖြတ်ကျော်ကာ ပေါင်ရှန်းမြို့၊ ဖူဖြောင်သယ်ယူပို့ဆောင်ရေးစင်တာသို့ ရောက်ရှိပြီး ရထားလမ်းဖြင့် ချိန်တူးမြို့သို့ ဆက်လက် သယ်ဆောင်ခဲ့ကြောင်း သိရသည်။

ကားလမ်း-မီးရထားလမ်း ပူးတွဲပို့ဆောင်မှုမှာ ကီလိုမီတာ (၂၃၀၀) ကျော် ရှည်လျားပြီး သယ်ယူပို့ဆောင်မှုခရီးစဉ်တစ်ခုလုံးသည် ခန့်မှန်းခြေ ငါးရက်ခန့် ကြာမြင့်ခဲ့ကြောင်း သိရသည်။ တာ့ရွှေလမ်းပိုင်း၊ ဖူဖြောင်ဘူတာသည် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၆ ရက် ကုန်ပစ္စည်း သယ်ယူပို့ဆောင်မှု စတင်ဆောင်ရွက်သည်မှစ၍ ကုန်စည်ပို့ဆောင်မှုပမာဏသည် ဆက်တိုက်မြင့်တက်လာပြီး စုစုပေါင်း ပို့ဆောင်သည့်ကုန်စည်ပမာဏမှာ တန်ချိန် ၁ ဒသမ ၂၈ သိန်း ရှိကြောင်းသိရသည်။

ဖူဖြောင် ကားလမ်း-မီးရထားလမ်း ပူးတွဲပို့ဆောင်ရေးဇုန်သည် လက်ရှိတွင် ကွန်တိန်နာ ကုန်ပစ္စည်း၊ ရထားတွဲတစ်ခုလုံး ကုန်ပစ္စည်းများ ရောက်ရှိပေးပို့ဝန်ဆောင်မှုများ၊ ကုန်ပစ္စည်းပို့ဆောင်မှု ကိုယ်စားလှယ် ယူဆောင်ပေးခြင်း၊ ကုန်တင်ကုန်ချနှင့် သိုလှောင်ခြင်း စသည့်တို့ကို One-Stop Service ဆောင်ရွက်ပေးလျက်ရှိသည်။

တရုတ်-မြန်မာလမ်းကြောင်းသစ် (မန္တလေး-ချန်တူး) မဖွင့်လှစ်ခင်က တရုတ်-မြန်မာ ကုန်စည်တွေက အများအားဖြင့် ကားလမ်းသယ်ယူပို့ဆောင်မှု ဒါမှမဟုတ် ကားလမ်း-သမုဒ္ဒရာလမ်းကြောင်း ပူးတွဲပို့ဆောင်မှုတွေကတစ်ဆင့် ပို့ဆောင်တဲ့ အတွက် ရာသီဥတု၊ လမ်းအခြေအနေ စတဲ့ မတည်ငြိမ်တဲ့ အကြောင်းအရင်းသက်ရောက်မှုတွေ ရှိနေပြီး သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်လည်း မြင့်မားပါတယ် ဟု ချန်တူး နိုင်ငံတကာမီးရထားတွဲ ကုမ္ပဏီလီမိတက် ဒုတိယမန်နေဂျင်းဒါရိုက်တာ လီကျွင့်ဖုန်းက ပြောကြားသည်။

နိုင်ငံတကာကုန်စည်ပို့ဆောင်ရေး လမ်းကြောင်းသစ်ကို ကားလမ်း-မီးရထားလမ်း ပူးတွဲပို့ဆောင်ရေးပုံစံအား အသုံးပြုထားကြောင်းနှင့် ချန်တူး နိုင်ငံတကာ မီးရထားဆိပ်ကမ်းသည် တရုတ်-မြန်မာ နိုင်ငံတကာရထားတွဲ အသွားအပြန်ခရီးစဉ် ပုံမှန်ဖြစ်လာစေရန် ဒေသတွင်းနှင့် သက်ဆိုင်ရာလုပ်ငန်းဆိုင်ရာ ကုန်စည်များ မြန်မာနိုင်ငံမှတစ်ဆင့် အိန္ဒိယသမုဒ္ဒရာသို့ တင်ပို့သွားနိုင်ရန် ထောက်ပံ့မှုပေးသွားမည်ကြောင်း သိရသည်။

**Source: Popular News Journal**

## ငါးလအတွင်း တရုတ်-မြန်မာနယ်စပ်၊ ရွှေလီနယ်စပ်ဂိတ်၏ သွင်းကုန်ပို့ကုန်ပမာဏ တန်ချိန် ၅ ဒသမ ၇၀၇ သန်းရှိ

အကောက်ခွန်စာရင်းဇယားများအရ ၂၀၂၃ ခုနှစ်၏ ဇန်နဝါရီလမှ မေလအထိ ငါးလအတွင်း တရုတ်-မြန်မာနယ်စပ်၊ ရွှေလီနယ်စပ်ဂိတ်၏ သွင်းကုန်ပို့ကုန် ပို့ဆောင်ရေးပမာဏမှာ တန်ချိန် ၅ ဒသမ ၇၀၇ သန်းရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ယင်းပမာဏသည် ယခင်နှစ် အလားတူကာလထက် ၇ ဒသမ ၄ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်းနှင့် သွင်းကုန်ပမာဏမှာ တန်ချိန် ၅ ဒသမ ၆၆ သန်းရှိပြီး ယခင်နှစ် အလားတူကာလထက် ၆ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကာ ပို့ကုန်ပမာဏမှာ တန်ချိန် ၄၆,၀၀၀ ရှိပြီး ၁၅၈ ဒသမ ၅ ဆ မြင့်တက်ခဲ့ကြောင်းသိရသည်။

သွင်းကုန်ပို့ကုန် ကုန်သွယ်မှုတန်ဖိုးမှာ ယွမ် ၂၃ ဒသမ ၆၁ ဘီလျံရှိပြီး ၂ ဒသမ ၄ ရာခိုင်နှုန်း တိုးမြင့်လာကြောင်းနှင့် သွင်းကုန်တန်ဖိုးအနေဖြင့် ယွမ် ၂၂ ဒသမ ၆၉ ဘီလျံရှိပြီး ၁ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းသွားသော်လည်း ပို့ကုန်တန်ဖိုးမှာ ယွမ်သန်း ၉၂၀ ရှိရာ ၂၁ ဒသမ ၁ ဆ တိုးမြင့်ခဲ့ကြောင်း သိရသည်။

ရွှေလီနယ်စပ်ဂိတ်မှတစ်ဆင့် ကုန်သွယ်မှုမှာ ယခုနှစ် ပထမငါးလအတွင်း ပြန်လည်ကောင်းမွန်လာကြောင်း၊ ပို့ကုန် အမျိုးအစားမှာ ယမန်နှစ် အလားတူကာလတွင် ၁၈၄ မျိုးမှ ယခုနှစ်တွင် ၁၆၉၈ မျိုးအထိ မြင့်တက်လာကြောင်းနှင့် ကုန်သွယ်မှု ငွေပမာဏရရှိသော နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းအဖွဲ့၏ အရေအတွက်မှာ ယခင်နှစ်က ၂၉ ခုသာရှိရာမှ ယခုနှစ်တွင် ၅၄၅ ခု အထိ တိုးလာကြောင်း ရွှေလီအကောက်ခွန်ဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦးက ပြောကြားထားသည်။

**Source: Popular News Journal**

## မေလအတွင်း အမေရိကန်ဒေါ်လာ ၂၂ သန်းကျော်တန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၈၀၀၀ ကျော် တင်ပို့ရောင်းချ

ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရော်ဘာတန်ချိန် ၃ ဒသမ ၆ သိန်းကျော် ထွက်ရှိခဲ့ပြီး ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ ရော်ဘာတန်ချိန် နှစ်သိန်းကျော် တင်ပို့ရောင်းချပေးခဲ့ကြောင်းနှင့် ရော်ဘာတစ်တန်လျှင် အမေရိကန် ဒေါ်လာ ၁၆၅၀ မှ ၁၇၀၀ အထိ ဈေးနှုန်းမြင့်တက်လာခဲ့ကြောင်း သိရသည်။

ယင်းကြောင့် ရော်ဘာပြည်ပတင်ပို့မှုလည်း မြင့်တက်လာခဲ့ရာ ယခုဘဏ္ဍာနှစ် မေလတွင် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၄၉ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၈၁၉၀ တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် ရော်ဘာများကို တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ တောင်ကိုရီးယားနှင့်တရုတ် (တိုင်ပေ)နိုင်ငံများသို့ အဓိကတင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်းနှင့် ပြီးခဲ့သည့်ဧပြီလတွင် ပြည်ပသို့ ရော်ဘာတန်ချိန် ၁၁၁၉၀၊ မေလတွင် တန်ချိန် ၇၀၀၀ တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

မေလတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးမှ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၄၁၇ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၄၈၆၀ နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၇၃ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၃၃၀၀၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၄၉ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၈၁၉၀ တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

တင်ပို့ရာတွင် တရုတ်သို့ ရော်ဘာတန်ချိန် ၁၁၅၃၀၊ အိန္ဒိယသို့ တန်ချိန် ၁၂၇၀၊ မလေးရှားသို့ တန်ချိန် ၈၆၀၊ အင်ဒိုနီးရှားသို့ တန်ချိန် ၄၀၀၊ တောင်ကိုရီးယားသို့ တန်ချိန် ၃၀၀၊ ဘင်္ဂလားဒေ့ရှ်သို့ တန်ချိန် ၂၆၀ နှင့် ဂျပန်နိုင်ငံသို့ တန်ချိန် ၂၄၀ စုစုပေါင်း ရော်ဘာတန်ချိန် ၁၄၈၆၀ ကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးမှတစ်ဆင့် တင်ပို့ရောင်းချပေးခဲ့ကြောင်းနှင့် နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ တန်ချိန် ၁၈၁၀ နှင့် ထိုင်းနိုင်ငံသို့ တန်ချိန် ၁၅၂၀၊ စုစုပေါင်း ရော်ဘာ တန်ချိန် ၃၃၃၀ တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

**Source: Popular News Journal**

## STOCK EXCHANGE (26.6.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 26th Jun. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,610 (Shares) | 11,326,450 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +100 | +1.27% | 8,000 | 8,000 | 7,900 | 56 | 443,000 | 33,109,694 | 264,878 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 696 | 2,018,400 | 38,929,150 | 112,895 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 182 | 1,310,400 | 10,400,986 | 74,887 |
| FPB | 00004 | 1,500 | +50 | +3.45% | 1,500 | 1,500 | 1,500 | 4,105 | 6,157,500 | 29,664,613 | 44,497 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,400 | 2,450 | 2,400 | 154 | 369,650 | 12,823,224 | 31,417 |
| EFR | 00006 | 2,450 | -50 | -2.00% | 2,500 | 2,500 | 2,450 | 417 | 1,027,500 | 19,977,223 | 48,944 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 26th Jun. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 356.94 | +2.15 | +0.61% | 357.14 | 357.14 | 354.70 | 5,610 | 11,326,450 | 7 | 628,956 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| 5,610 (Shares) | 11,326,450 (MMK) |

## Main Board

As of 1:00 pm, 26th Jun. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,610 (Shares) | 11,326,450 (MMK) |

| MYANPIX | 356.94 ▲ 2.15 |
|---|---|
| Total Volume (shares) | 5,610 |
| Total Value (MMK) | 11 mil |
| Listed Company | 7 |
| Market Cap. (MMK) | 628,956 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 100 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 50 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 2,450 | ▼ 50 |
| AMATA | 00007 | 4,900 | ▲ 0 |